**ပုဂ္ဂလိက စက်မှုကုန်ကြမ်းစိုက်ခင်း(ကြံ/ သီဟိုဠ်/ ပီလောပီနံ/ ကော်ဖီ)တည်ထောင်ခွင့်ရရှိသူက လိုက်နာရမည့်စည်းကမ်းချက်များ**

၁။ ပုဂ္ဂလိက စက်မှုကုန်ကြမ်းစိုက်ခင်း(ကြံ/ သီဟိုဠ်/ ပီလောပီနံ/ ကော်ဖီ) တည်ထောင်ရန်အတွက် မြေငှားရမ်းခြင်းကို (၁၅)နှစ်မြေငှား စာချုပ်စနစ်ဖြင့် ခွင့်ပြုသည်။ စာချုပ်သက်တမ်း တိုးမြှင့်လိုပါက စာချုပ်သက်တမ်းမကုန်ဆုံးမီ (၁)နှစ်ကြိုတင်၍ သစ်တောဦးစီးဌာနသို့ တင်ပြလျှောက်ထားရမည်ဖြစ်ပြီး တစ်ကြိမ်လျှင် (၁၀)နှစ်ဖြင့် သက်တမ်း(၂)ကြိမ် တိုးမြှင့်နိုင်သည်။

၂။ ပုဂ္ဂလိက စက်မှုကုန်ကြမ်းစိုက်ခင်း(ကြံ/ သီဟိုဠ်/ ပီလောပီနံ/ ကော်ဖီ) တည်ထောင်ခွင့်ရရှိသူသည် လုပ်ကိုင်ခွင့်ပြုထားသည့် မြေပေါ်တွင် သစ်တောဦးစီးဌာနမှအတည်ပြုထားသည့် စီမံချက်အတိုင်း ဧရိယာအားလုံး အပြည့်အဝ စိုက်ပျိုးရမည်။

၃။ ပုဂ္ဂလိက စက်မှုကုန်ကြမ်းစိုက်ခင်း(ကြံ/ သီဟိုဠ်/ ပီလောပီနံ/ ကော်ဖီ) တည်ထောင်ခွင့်ရရှိသူသည် လုပ်ကိုင်ခွင့်ပြုထားသည့် မြေပေါ်တွင် စိုက်ခင်းတည်ထောင်ခြင်း၏ မူလ ရည်ရွယ်ချက်ကို မထိခိုက်စေဘဲ အခြားလုပ်ငန်းများကို လုပ်ကိုင်မည်ဆိုပါက တည်ဆဲ ဥပဒေများ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ သစ်တောဦးစီးဌာန၏ခွင့်ပြုချက်ရယူရမည်။

၄။ ပုဂ္ဂလိက စက်မှုကုန်ကြမ်းစိုက်ခင်း(ကြံ/ သီဟိုဠ်/ ပီလောပီနံ/ ကော်ဖီ) တည်ထောင်ခွင့်ရရှိသူသည် လုပ်ကိုင်ခွင့်ပြုထားသည့် မြေပေါ်တွင် လုပ်ကိုင်မည့်လုပ်ငန်းအစီအစဉ်များကို ကြိုတင်ရေးဆွဲပြီး သစ်တောဦးစီးဌာနမှ အတည်ပြုထားသည့် စီမံချက်ပါအတိုင်း သတ်မှတ်ထားသော အချိန်ကာလများနှင့်အညီ ပြီးစီးအောင်ဆောင်ရွက်ရမည်။ လုပ်ငန်းအစီအစဉ်အတိုင်း ဆောင်ရွက်နိုင်ခြင်းမရှိပါက လုပ်ကိုင်ခွင့်ကို ပြန်လည်ရုပ်သိမ်းခြင်းခံရမည့်အပြင် သစ်တောပျက်စီးဆုံးရှုံးမှုအတွက် သစ်တောဦးစီးဌာနမှ သတ်မှတ်ထားသော လျော်ကြေးငွေကို ပေးဆောင်ရမည်။

၅။ ပုဂ္ဂလိက စက်မှုကုန်ကြမ်းစိုက်ခင်း(ကြံ/ သီဟိုဠ်/ ပီလောပီနံ/ ကော်ဖီ) တည်ထောင်ခွင့်ရရှိသူသည် ငှားရမ်းထားသော မြေအား ဆက်လက် စိုက်ပျိုးလုပ်ကိုင်လိုခြင်းမရှိပါက သစ်တောဦးစီးဌာနသို့ ပြန်လည်အပ်နှံရမည့်အပြင် သစ်တောပျက်စီးဆုံးရှုံးမှုအတွက် သစ်တောဦးစီးဌာနမှ **သတ်မှတ်ထားသောလျော်ကြေးငွေကို (၁)လအတွင်း ပေးဆောင်ရမည်။**

၆။ ပုဂ္ဂလိက စက်မှုကုန်ကြမ်းစိုက်ခင်း(ကြံ/ သီဟိုဠ်/ ပီလောပီနံ/ ကော်ဖီ) တည်ထောင်ခွင့်ရရှိသူသည် လုပ်ကိုင်ခွင့်ပြုထားသည့် မြေဧရိယာအတွင်း ပေါက်ရောက်နေသည့် ရင်စို့လုံးပတ် ၂' နှင့်အထက် သစ်ပင်များကို စိုက်ခင်းတည်ထောင်ရန်အတွက် ခုတ်လှဲရှင်းလင်းမည်ဆိုပါက သစ်တောဦးစီးဌာနသို့ တင်ပြရမည်။

၇။ ပုဂ္ဂလိက စက်မှုကုန်ကြမ်းစိုက်ခင်း(ကြံ/ သီဟိုဠ်/ ပီလောပီနံ/ ကော်ဖီ) တည်ထောင်ခွင့်ရရှိသူသည် လုပ်ကိုင်ခွင့်ပြုထားသည့် ဧရိယာအတွင်း မြေပေါ်မြေအောက်သယံဇာတပစ္စည်းများကို ရှာဖွေခြင်း၊ တူးဖော်ခြင်း၊ ထုတ်ယူခြင်း မပြုရ။

၈။ ပုဂ္ဂလိက စက်မှုကုန်ကြမ်းစိုက်ခင်း(ကြံ/ သီဟိုဠ်/ ပီလောပီနံ/ ကော်ဖီ) တည်ထောင်ခွင့်ရရှိသူ

သည် လုပ်ကိုင်ခွင့်ရရှိသည့် သက်တမ်းအတွင်း အကြောင်းတစ်စုံတစ်ရာကြောင့် ဆက်လက်လုပ်ကိုင်နိုင်ခြင်းမရှိပါက **ငင်း၏တရားဝင် အမွေဆက်ခံခွင့်ရရှိသူနှင့် ဥပဒေနှင့်အညီ လွှဲအပ်ခြင်းခံရသူ(ဥပဒေနှင့်အညီ လွှဲအပ်ခြင်းခံရသူနှင့် ကုမ္ပဏီ၏ Board of Directors- ဒါရိုက်တာများအဖွဲ့၏ဆုံးဖြတ်ချက်ဖြင့် တရားဝင် ဆောင်ရွက်ခွင့်ရရှိသူ)**ထံသို့ လုပ်ကိုင်ခွင့် လွှဲပြောင်းခြင်းအား ခိုင်လုံသော အထောက်အထားများ တင်ပြ၍ သစ်တောဦးစီးဌာန၏ခွင့်ပြုချက်ရယူရမည်။

၉။ ပုဂ္ဂလိက စက်မှုကုန်ကြမ်းစိုက်ခင်း(ကြံ/ သီဟိုဠ်/ ပီလောပီနံ/ ကော်ဖီ) တည်ထောင်ခွင့်ရရှိသူသည် သစ်တောဦးစီးဌာနမှ အတည်ပြုထားသည့် စီမံချက်အရ စတင်စိုက်ပျိုးမည့်ဧကအတွက် သစ်တောဦးစီးဌာနမှ သတ်မှတ်ထားသည့် လုပ်ငန်းအာမခံကြေးငွေကို လုပ်ငန်းစတင် ဆောင်ရွက်မည့်နေ့ရက်မတိုင်မီ ပေးသွင်းရမည်ဖြစ်ပြီး ထိုလုပ်ငန်းအာမခံကြေးငွေကို စိုက်ပျိုးပြီး ရှင်သန်မှုရာခိုင်နှုန်း(၇၀%) ကျော်လွန်မှသာ ပြန်လည်ထုတ်ယူခွင့်ရှိမည်။ ခွင့်ပြုနှစ်အတွင်း မစိုက်ပျိုးသည့်ဧကအတွက် လုပ်ငန်းအာမခံကြေးငွေကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းခြင်းခံရမည်။

၁၀။ ပုဂ္ဂလိက စက်မှုကုန်ကြမ်းစိုက်ခင်း(ကြံ/ သီဟိုဠ်/ ပီလောပီနံ/ ကော်ဖီ) တည်ထောင်ခွင့်ရရှိသူသည် ခွင့်ပြုထားသည့် မြေကို ထပ်ဆင့် ငှားရမ်းခြင်း၊ ပေါင်နှံခြင်း၊ ရောင်းချခြင်း(သို့) တစ်ခြားနည်းလမ်းဖြင့် လွှဲပြောင်းပေးအပ်ခြင်း မပြုရ။

၁၁။ ပုဂ္ဂလိက စက်မှုကုန်ကြမ်းစိုက်ခင်း(ကြံ/ သီဟိုဠ်/ ပီလောပီနံ/ ကော်ဖီ) တည်ထောင်ခွင့်ရရှိသူသည် လုပ်ကိုင်ခွင့်ရရှိသည့် မြေပေါ်တွင် စိုက်ပျိုးထားသော စက်မှုကုန်ကြမ်းပင်များနှင့်ပုဂ္ဂလိက စက်မှုကုန်ကြမ်းစိုက်ခင်း(ကြံ/ သီဟိုဠ်/ ပီလောပီနံ/ ကော်ဖီ) တည်ထောင်ခွင့်ကို လွှဲပြောင်းခြင်း၊ ရောင်းချခြင်း၊ ပေးကမ်းခြင်း၊ ပေါင်နှံခြင်းတို့ဆောင်ရွက်လိုပါက သစ်တောဦးစီးဌာန၏ ခွင့်ပြုချက်ရယူရမည်။ ခွင့်ပြုချက်ရရှိပါက တည်ဆဲ ဥပဒေများ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ လိုက်နာဆောင်ရွက်ရမည်။

၁၂။ ပုဂ္ဂလိက စက်မှုကုန်ကြမ်းစိုက်ခင်း(ကြံ/ သီဟိုဠ်/ ပီလောပီနံ/ ကော်ဖီ) တည်ထောင်ခွင့်ရရှိသူသည် ခွင့်ပြုဧရိယာအတွင်း တည်ထောင်ပြီး စိုက်ခင်းများအား ပြုစုထိန်းသိမ်းစောင့်ရှောက်ရန်အတွက် ပျိုးဥယျာဉ်နှင့် ယာယီ နေအိမ်/တဲများမှအပ အခြားအဆောက်အအုံများကို သစ်တောဦးစီးဌာန၏ ခွင့်ပြုချက်မရရှိဘဲ စိုက်ခင်းအတွင်း ဆောက်လုပ်ခြင်းမပြုရ။

၁၃။ ပုဂ္ဂလိက စက်မှုကုန်ကြမ်းစိုက်ခင်း(ကြံ/ သီဟိုဠ်/ ပီလောပီနံ/ ကော်ဖီ) တည်ထောင်ခွင့်ရရှိသူသည် စိုက်ခင်းမှတ်တမ်းစာအုပ်ထားရှိ၍ ရာသီအလိုက် လုပ်ငန်းဆောင်ရွက်ချက်များကို အသေးစိတ်မှန်ကန်စွာ ဖြည့်စွက်ထားရှိရမည်။ သစ်တောဦးစီးဌာနမှ တာဝန်ရှိသူများ အခါအားလျော်စွာ လာရောက်ကြည့်ရှုစစ်ဆေး၍ အကြံပြုချက်များ၊ မှတ်ချက်များရေးသားပါက ယင်း

အကြံပြုချက်များ၊ မှတ်ချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရမည်။

၁၄။ ပုဂ္ဂလိက စက်မှုကုန်ကြမ်းစိုက်ခင်း(ကြံ/ သီဟိုဠ်/ ပီလောပီနံ/ ကော်ဖီ) တည်ထောင်ခွင့်ရရှိသူသည် သစ်တောဦးစီးဌာနနှင့် စာချုပ် ချုပ်ဆိုသည့်နေ့မှစ၍ ဘဏ္ဍာနှစ်တစ်နှစ်အတွက် မြေငှားရမ်းခကို (၁)ဧကလျှင် သစ်တောဦးစီးဌာနမှ သတ်မှတ်ထားသောနှုန်းဖြင့် နှစ်စဉ်ပေးသွင်းရမည်။ ဒုတိယနှစ်မှစ၍ ဘဏ္ဍာရေးနှစ်အတွင်း ပေးသွင်းရမည်ဖြစ်ပြီး ဘဏ္ဍာနှစ်ကျော်လွန်ပါက တစ်ရက်လျှင် ဒဏ်ကြေးငွေ ၅၀၀ဝိ/-ကျပ်ပေးဆောင်ရမည်။ ရက်(၃၀)အတွင်း ပေးသွင်းခြင်းမရှိပါက စာချုပ်ရုပ်စဲပြီး တရားစွဲဆို ခြင်း ခံရမည်။

၁၅။ ချုပ်ဆိုခဲ့သော စာချုပ်သည် သစ်တောဦးစီးဌာနနှင့် ပုဂ္ဂလိက စက်မှုကုန်ကြမ်းစိုက်ခင်း(ကြံ/ သီဟိုဠ်/ ပီလောပီနံ/ ကော်ဖီ)တည်ထောင်ခွင့်ရရှိသူ **ဦး/ဒေါ် ----------၊ နိုင်ငံသားစိစစ်ရေးကဒ်ပြားအမှတ်၊-------------တို့နှင့်သာ (--------ကုမ္ပဏီနှင့်သာ)** သက်ဆိုင်စေရမည်။

၁၆။ ပုဂ္ဂလိက စက်မှုကုန်ကြမ်းစိုက်ခင်း(ကြံ/ သီဟိုဠ်/ ပီလောပီနံ/ ကော်ဖီ) တည်ထောင်ခွင့်ရရှိသူသည် စာချုပ်ပါစည်းကမ်းချက် တစ်စုံတစ်ရာကို ချိုးဖောက်ပါက စာချုပ်ရုပ်စဲပြီး လုပ်ကိုင်ခွင့်ပြုထားသည့် မြေနှင့်မြေပေါ်ရှိ အပင်နှင့်ပစ္စည်းများကို သိမ်းဆည်းခြင်းခံရမည့်အပြင် သစ်တောဥပဒေအပါအဝင် တည်ဆဲ ဥပဒေများနှင့်အညီ အရေးယူခြင်းခံရမည်။

၁၇။ သစ်တောဦးစီးဌာနသည် စာချုပ်ပါစည်းကမ်းချက်များကို သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၏သဘောတူညီချက်ဖြင့် အခါအားလျော်စွာ ပြန်လည်ပြင်ဆင်သတ်မှတ်နိုင်သည်။